အသစ်စက်စက် (အစ/အဆုံး)

# ရှန်းရပ်ပိုး

အဂ်ါဆစ်အတ္တ



လင်း

# အပိုင်း(၁)

"ငါ စံပယ်နဲ့ ပြတ်သွားပြီ"

"နောက်တစ်ယောက်ရော တွေ့ထားပြီလား ဖြူစနေ"

"နောက်တစ်ယောက်က ဒီနေ့ပဲ အဖြေပေးလိုက်ပြီ"

"ပြီးတာပဲ"

"နောက်တစ်ယောက်က ပိုလှတယ် ကျော်စွာရ"

"တော်ပါကွာ၊ မင်းနောက်တစ်ယောက် ပြောင်းတိုင်း ပြောနေကျ လက်သုံးစကားပါ"

"မင်းကလည်း ကွာငါ တွဲလိုက်တဲ့ ကောင်မလေးတိုင်းက လှနေတာကိုး"

"မင်းမှာ အချစ်စစ်ရော ရှိရဲ့လား၊ လူတစ်ယောက်မှာ အချစ်စစ်တစ်ခုတော့ ရှိတယ်တဲ့ ၊ ဒါပေမဲ့ အဲဒီစကားက မင်းအတွက်တော့ မမှန်လောက်ဘူး ဖြူစနေ"

"ကျော်စွာရာ ငါတွဲတဲ့ ကောင်မလေးတိုင်းကို ငါ တကယ် ချစ်တာပါ"

"တော်စမ်းပါကွာ၊ မင်းတကယ်ချစ်တာက သုံးဆယ့်ငါးယောက်လောက်ရှိနေပြီ"

“သြော်… ကျော်စွာကတော့၊ ဒီမှာ ကျော်စွာ ငါ့မှာ အချစ်ဆိုတဲ့ ပန်းတစ်ခင်းရှိတယ်၊ အဲဒီပန်းတစ်ခင်းထဲမှာ ရောင်စုံ အချစ်ပွင့်တွေ ဝေဝေဆာဆာပွင့်နေတယ်ကွာ၊ ကောင်မလေး ချောချောလေးတွေ မြင်ရင် ငါကလည်း ငါ့ပန်းခင်းထဲမှာ ရှိတဲ့ ပန်းပွင့်လေးတစ်ပွင့်လောက်တော့ မျှချင်တာပေ့ါ၊ သေချာတာကတော့ အဲဒီပန်းပွင့်လေးက အတုမဟုတ်ပါဘူး၊ ငါ အစစ်ပဲ ပေးတာပါ”

“စကားတတ်တိုင်း လိုက်ရွှီးမနေနဲ့ ကိုယ့်လူ၊ မင်းစကားတွေကို မင်းကောင်မလေးတွေပဲ ကြွေမယ်၊ ငါကတော့ No ပဲ၊ ကောင်မလေးတွေလည်း ဒီရုပ် ဒီအပြောလေးကိုပဲ ကျနေကြတာ သနားစရာပဲ”

“မင်းကသာ သနားစရာ၊ သူတို့ ကပျော်လို့ ”

“မင်းမှာ အစ်မတွေ ညီမတွေမရှိဘဲ တစ်ဦးတည်းသောသား ဖြစ်နေလို့ သာ တော်တော့တယ် ဖြူခနေ၊ ညီမတွေ အစ်မတွေသာရှိရင် မင်း ခုလောက်ဆို အခါနှစ်ဆယ်လောက် ဝဋ်လည်ပြီးလောက် ပြီ”

“သြော်… ဝဋ်လည်ရင် လည်စမ်းပါစေကွာ၊ ဒီမှာ ငါက စည်းတစ်ခုတော့ ရှိပါတယ်ကွ၊ ငါ့ရည်းစားဆိုတဲ့ ကောင်မလေးတွေကို လက်ကလေးတောင် မကိုင်ပါဘူး၊ အသန့်လေးပါနော်၊ သူတို့ သွားချင်တဲ့ နေရာလိုက်ပို့တယ်၊ ကော်ဖီဆိုင်ထိုင်တယ်၊ ရုပ်ရှင်ကြည့်ချင်တယ်ဆို လိုက်ပြတယ်၊ သူတို့ လိုချင်တာလေးတွေ ဝယ်ပေးတယ် ဒါပဲ၊ ဘာအခွင့်အရေးမှတောင် မယူဘူး၊ တချို့ကောင်မလေးတွေသာ တစ်ခါတလေ ငါ့အပေါ် အခွင့်အရေး ယူချင်သေးတယ်”

“အံမယ်… မင်းကများ အခွင့်အရေး ယူခံရသေးတယ်”

“ဟုတ်တယ် တချို့ကောင်မလေးတွေဆို လမ်းလျှောက်ရင် လွတ်လွတ်လပ်လပ် မလျှောက်ဘဲ ငါ့လက်ကို လာချိတ်ထားလိုက်သေးတယ်၊ အ

ခွင့်အရေးယူတာလေ အားနာလို့ လိုက်လျော လိုက်ရတာ”

“ခွေးကောင်”

ကျော်စွာ ထထိုးပါပြီ။ ဖြူခနေက အခန်းထဲမှာ ပတ်ပြေးနေသည် ။ ဖြူခနေနှင့် ကျော်စွာက လုံးဝကို စရိုက်မတူတဲ့ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ပါ။ ဖြူခနေက မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲကာရှုပ်သလောက် ကျော်စွာက တည်ငြိမ်အေးဆေးလှသည် ။

ရုပ်ရည်ကျတော့လည်း အပြတ်အသတ်ကို ကွာသည် ။ ဖြူခနေက ယောကျ်ားတန်မဲ့ အသားဖြူဖြူ၊ ကျော်စွာက အသားညိုသည် ။ အရပ်အမောင်းမြင့်ကြပေမယ့် ဖြူခနေက ခန့်ချော၊ ပါးမြိုင်းမွေး စိမ်းစိမ်းလေးတွေက ဖြူနုသောပါးပြင်ထက်မှာ ခပ်ရေးရေးဖြင့် ဆွဲဆောင်မှုရှိကာ မိန်းကလေးတွေကျလောက်သော ရုပ်ရည်မျိုး သူ့မျက်လုံးညိုတွေရဲ့အကြည့်ဒဏ်ကို တော်ရုံ မိန်းကလေးတွေ ခံနိုင်ရည်မရှိတတ်ကြ။ ကျော်စွာကတော့ သာမန် ရုပ်ရည်ပဲ၊ ဒါပေမဲ့ သူတို့ မှာ တူတာတစ်ခုတော့ရှိသည် ။ စိတ်ဓာတ်လေ။

သူတစ်ပါးကို မဟုတ်တာလည်း (ဖြူခနေ ရှုပ်တာတော့ ခြွင်းချက်ပေါ့လေ) စိတ်ယုတ်ကာ မမွေးတတ်။ (ဖြူခနေပင် ရှုပ်ပေမယ့် သူ့ကြောင့် ဘယ်မိန်းကလေးမှ မနစ်နာစေရ) ဒီစိတ်သဘော ဖြူစင်မှုကလေး တူလို့လည်း သူတို့ နှစ်ယောက် တွဲဖြစ်နေခဲ့တာ။ တက္ကသိုလ်စတက်ကတည်းက ခုဆို နောက်ဆုံးနှစ်တောင် ရောက်တော့မည်။ ဒီတစ်ခေါက် ကျောင်းပြန်ဖွင့်ရင် နောက်ဆုံးနှစ် တက်ရတော့မည်လေ။

“မင်း ဒီနေ့ ဘာအစီအစဉ် ရှိသေးလဲ”

“မရှိတော့ဘူး၊ ဝေလေလေနဲ့ ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားနေတာ၊ ဒီနေ့ အဖြေပေးလိုက်တဲ့ ကောင်မလေးကလည်း ဖုန်းထဲက အဖြေ

ပေးပြီး ရှက်နေလို့ လာမတွေ့ပါနဲ့ ဦးတဲ့ ၊ ပျင်းလိုက်တာ”

“စကတည်းက ပျင်းနေရင်တော့ တစ်လတောင်ခံပေါ့မလားပဲ”

“မင်းရော ဘာအစီအစဉ်ရှိလဲ”

“ဘွားလေးတို့ အိမ်သွားမလို့ မနေ့က ဖုန်းဆက်ပြီးခေါ်ထားတယ် လိုက်မလား”

“အေး... လိုက်မယ်”

သူတို့ နှစ်ယောက် ကျော်စွာ့အဘွားအိမ် ထွက်လာလိုက်ကြသည် ။ ကျော်စွာ့အမေဘက်က အဘွားဖြစ်ပြီး ကျော်စွာ့အဒေါ်အပျိုကြီးနှင့်နေသည် ။

ဖြူစနေရော ကျော်စွာပါ ချမ်းသာသော အသိုင်းအဝိုင်းမှ တစ်ဦးတည်းသောသားတွေမို့ အပူအပင်ရယ်လို့ စိုးစဉ်းမျှပင်မရှိ။ ကားတစ်စီးနှင့် တဝီဝီသွားလာနေနိုင်သူများ ဖြစ်ပြီး အဘိုးအဘွား တွေရဲ့ အသည်း။

သူတို့ နှစ်ယောက်မှာ တူတာတစ်ခု ရှိနေသေးတာက အဘွားတစ်ယောက်ပဲ ရှိတော့ခြင်းပင်။ အမေဘက်က အဘွားတစ်ယောက်ပဲရှိတော့ကာ အမေဘက်က အဘိုးနှင့် အဖေဘက်က အဘိုး အဘွားတို့ က ကွယ်လွန်သွားကြရှာပြီ။.

ထို့ကြောင့် သူတို့ နှစ်ယောက်ဟာ အဘွားနှစ်ယောက်ကို ဂရုစိုက်ချစ်ခင်တာချင်း တူကြသေးသည် ။ ကျော်စွာ့အဘွားက သပ်သပ်တစ်အိမ်နေသဖြင့် ကျော်စွာမှာ သွားတွေ့ရသည် ။

ဖြူစနေကတော့ အဘိုးဆုံးကတည်းက မေမေက မိခင်ဖြစ်သူကို အိမ်ပေါ်တင်ထားသဖြင့် အိမ်မှာ ပင် အဘွားနဲ့ အတူနေရပြီး မေမေ ဆူလျှင် ကူပြောပေးတဲ့ အဘွားဘေး ပြေးကပ် နေတတ်ခဲ့သူပေါ့။

တကယ်လို့ သာ အဲဒီနေ့က ဖြူနေ ကျောင်းစွာ့ဆီကို မသွားဖြစ်ခဲ့ရင်၊ သွားဖြစ်ရင်တောင်မှ ဘွားလေးဆီကို မလိုက်သွားဖြစ်ခဲ့ရင် ဖြူနေတွင် ဖြစ်ရပ်တစ်ခုရဲ့ နိဒါန်း၊ တစ်နည်းအားဖြင့် ရလဒ် တစ်ခုရဲ့ နိဒါန်းဆိုတာ မရှိနိုင်ခဲ့။

***

“ဘွားလေး... တီတီလေးရေ”

“ဟယ်... ငါ့မြေးလေးတွေ လာပြီဟေ့”

“ဖိုးဖြူနဲ့ ဖိုးညို လာဟေ့ ဒီမှာ စပါယ်ရှယ်နန်းကြီးသုပ် လုပ်ထားတယ်”

“ဟင်း”

“အံမယ် မျက်နှာတွေက ရှုံ့မဲ့သွားလိုက်တာ ရှင်လေးတို့ မစားကြဘူးပေါ့လေ”

“စားမှာ ပေါ့”

“ဒါဆို မျက်နှာတွေက ဘာဖြစ်နေကြတာတုံး”

“တီတီလေး ခေါ်ပုံကြီး အောက်လို့ ပေါ့”

“ဩော်... ရှင်တို့ နာမည်တွေရှေ့မှာ ဖိုးတပ်ပြီး ခေါ်လို့ ပေါ့လေ၊ ကျုပ်က ရှင်တို့ ကို ချစ်စနိုးနဲ့ ခေါ်တာပါနော်”

“သားတို့ လည်း တီတီလေးကို ကြီးတော်လို့ ပဲ ခေါ်တော့မယ်”

“အံမယ် ခေါ်ပေါ့၊ ကျုပ်ကတော့ ဘယ်လိုခေါ်ခေါ်ရတယ်၊ ဆရာတို့ရေ... ကဲ... စားကြမှာ လား”

"စားမယ်ဟော့ ပြင်လိုက်တော့၊ စားရင်းနဲ့ ဘွားလေးပြောစရာရှိလို့ "

တီတီလေးက နန်းကြီးသုပ်ပြင်နေတာကို သူတို့ နှစ်ယောက် လိုက်ရှုပ်နေကြသည် ။ ဘွားလေးကတော့ သူတို့ ကို ကြည့်ပြီး ရယ်နေတာပဲလေ။ ဘွားလေးက သူတို့ လာရင် ပျော်ရွှင်နေတာပါပဲလေ၊ နန်းကြီးသုပ်စားရင်း ဘွားလေးက…

"ဘွားလေး အလှူခံမလို့ ၊ အဲဒါကြောင့် မြေးညိုလေးကို ခေါ်လိုက်တာ"

ဘွားလေး၊ တီတီလေးနဲ့ ကျော်စွာ့မိသားစုတစ်ခုလုံးက သူ့ကို ကိုညိုဖိုးညို မြေးညိုဟု သာ ခေါ်တတ်သည် ။ ကျော်စွာ့ နာမည်က ကျော်စွာညိုလေ။ ကျော်စွာနဲ့ တွဲယှဉ်ပြီး ဖြူနေပါ ဖိုးဖြူ ဖြစ်ရသည် ။ တစ်ခါတလေ တီလေး စိတ်မရှည်ရင် မျောက်ညိုဟု ခေါ်တတ်သေးသည် ။

"ဘယ်ကို လှူမှာ လဲ တီလေး"

"နယ်မှာ သွားလှူမှာ ၊ ရှင်တစ်ရာပွဲလုပ်မလို့ ၊ အိမ်မှာ လုပ်တဲ့ ဒေါ်သိန်းတို့ ရွာလေးမှာ သွားလုပ်မှာ ၊ တောမှာ တချို့ ဆင်းရဲတဲ့ သူတွေဆို သားလေး အရွယ်ရောက်လာလို့ တောင် ရှင်မပြုပေးနိုင်တဲ့ သူတွေရှိတယ်တဲ့ ၊ တချို့ ရဟန်းထပ်ရမယ့် အရွယ်ပေမယ့် စီးပွားရေးအကျပ်တည်းကြောင့် မဝတ်နိုင်ဘဲ အလုပ်ပဲလုပ်နေကြရတယ်တဲ့ ၊ အဲလိုနေရာမျိုးမှာ သွားလုပ်ရတာက တကယ့်ကို လိုအပ်နေတဲ့ နေရာဆိုတော့ သူတို့ ဆန္ဒလေးလည်း ပြည့်၊ ကိုယ်လည်း ကိုယ့်အလှူလေးကို ပီတိဖြစ်ရနဲ့ တကယ် အခုတောင် သွားလုပ်လိုက်ချင်တယ်၊ အခုက မိုးလေးနည်းနည်း ကျန်နေသေးလို့ လေ၊ မိုးပြတ်တာနဲ့ သွားလုပ်မယ်၊ တစ်လလောက်ဆို မိုးက ပြတ်လောက်ပြီလေ"

"မေတောင် သားကို ဘာမှ မပြောဘူး"

"ဘွားလေး သားညို မေ့ကို မပြောရသေးဘူး၊ သားညိုကို အရင်ပြောတာ၊ ပြီးတော့ သားညိုလည်း ရဟန်းမခံရသေးဘူးလေ၊ အဲဒါ တစ်ခါတည်း သားညိုပါ ရဟန်းခံလိုက်တော့လို့ ၊ ဘွားလေး အလှူလည်း ကိုယ့်မြေးပါ တစ်ခါတည်းပါသွားအောင်"

"အာ"

"ဟဲ့... ကုသိုလ်လုပ်မှာ နော် ဖိုးညို"

"တီလေးကလည်း သားကျောင်းက ဖွင့်တော့မှာ ၊ ကျောင်းပြန်ဖွင့်ရင် ခေါင်းတုံးကြီးနဲ့ "

"ဘာဖြစ်လဲ ခေါင်းတုံး၊ ငါ့တူလေးက ခေါင်းတုံးနဲ့ လည်း လှပါတယ်ကွာ"

"ဘွားလေးက အလှူလုပ်မှာ အဲဒီအလှူမှာ သားက ဆံပင်လှူပေးပါ၊ ဆံပင်အလှူခံတယ်၊ လှူပါ"

"အဲဒါဆို ဖြူစနေပါ၀တ်"

"ဟာ... ငါနဲ့ ဘာဆိုင်လို့ လဲ"

"မင်းလည်း ရဟန်းမခံရသေးဘူး"

"ဟုတ်လား၊ မြေးဖြူလည်း ရဟန်းမခံရသေးဘူးလား၊ ဒါဆို ဘွားလေး အလှူထဲကို ပါလိုက်ပါလား၊ တစ်ခါတည်း မြေးနှစ်ယောက်လုံး ထည့်လိုက်မယ်နော်၊ မြေးဖြူရဲ့ မိဘတွေကို ဖုန်းလှမ်းဆက်ဦး ချိုချိုရေ၊ ခုပဲ ဆက်လိုက်"

"ဟုတ်ကဲ့ မေမေ"

တီတီလေးက လက်ကခပ်သွက်သွက်၊ အားရ၀မ်းသာ ဖုန်းထဆက်

နေသည် ။

ကျော်စွာနဲ့ ဖြူခနေမှာ တော့ အီလည်လည် ဖြစ်နေကြသည် ။

“အဲဒါမင်းကြောင့်၊ ကိုယ့်ဘာသာ ဝတ်ပါလား၊ ငါ့ကို ဆွဲထည့်တယ်”

“အောင်မာ... ငါတစ်ယောက်တည်း ကုသိုလ်ရနေမှာ စိုးလို့ ပါကွ၊ စေတနာကို မစော်ကားပါနဲ့ ”

“အေးပါ ကျော်စွာရာ၊ သူ့ အလှည့် ကိုယ့်အလှည့်ဆိုတာ ရှိတယ်ကွ နော်”

ဒီလိုနဲ့ ပဲ ဖြူခနေပါ ကျော်စွာနဲ့ အတူ ဘွားလေး အလှူမှာ ရဟန်းခံဖို့ ဖြစ်သွားပြီး နှစ်မိသားစု ပေါင်းကာ အလှူကြီးက အထမြောက်သွားခဲ့သည် ။

ဒီခရီးဟာ ရင်ကွဲလမ်းရဲ့ အစဆိုတာ အစကတည်းက ကြိုသိခဲ့ရင်...

အင်းလေ... လူဆိုတာ အဲလိုသာ ကြိုသိနေမယ်ဆိုရင်လည်း စိတ်ညစ်စရာကောင်းလှတဲ့ အဖြစ်အပျက်တွေ ဘယ်ရှိလာနိုင်ပါတော့မလဲလေ။

***

“အောင်ချမ်းသာရွာတဲ့ ၊ နံမည်ကတော့ အပျံစားပဲ၊ ဘွားလေးက ချမ်းသာအောင် အောင်ချမ်းသာမှာ အလှူလာလုပ်တာပေ့ါလေ”

“မြေးဖြူပြောမှ သတိထားမိတော့တယ်၊ ဟုတ်တယ်ဟေ့ အတိတ်နိမိတ်က အရမ်းကောင်း တယ်”

သူတို့ အားလုံး ကားသုံးစီးနဲ့ ထွက်ခဲ့ကြတာပါ၊ ရှေ့ဆုံးက Landcruser ကားကြီးမှာ က အဘွား နှစ်ယောက်နဲ့ တီလေးပါပြီး ကျော်စွာနဲ့ ခနေက တစ်လှည့်စီမောင်းသည် ။ နယ်ခရီးကို လာရတာဖြစ်၍ ကားကို

နှမြောသော်လည်း ဘွားအေနှစ်ယောက်က အသက်ကြီးပြီမို့ ခရီးဒဏ် မခံနိုင်မှာ စိုး၍ Landcruser ပဲ ယူခဲ့ဖြစ်တာပင်။ နောက်မှာ က ကျော်စွာ့မိတွေရဲ့ ကားနဲ့ ခနမိဘတွေရဲ့ ကားတွေပါလာသည် ။

အလှူအတွက် ဝယ်ခြမ်းထားတဲ့ ပစ္စည်းတွေနဲ့ ဒေါ်သိန်းကို မနေ့ကတည်းက လွှတ်လိုက်ပြီ၊ ဒီမတိုင်ခင် တစ်ပတ်က တီလေးကလည်း ရွာကိုတစ်ခေါက်သွားပြီး အလှူအတွက် ကုန်ကျမည့်ငွေ တစ်ခါတည်း ဆရာတော်ကို သွားအပ်လိုက်ပြီမို့ သူတို့ အေးအေးဆေးဆေး သွားနိုင်ပြီလေ။

ရွာရောက်တော့ ရန်ကုန် - မန္တလေးကားလမ်းပေါ်မှ သုံးမိုင်ခန့်ဝေးကာ မြေနီလမ်းမို့ ကျော်စွာနဲ့ ခနကတော့ကားတွေကို နှမြောနေကြသေးသည် ။ ရွာထဲရောက်တော့လည်း ကျေးရွာ လူကြီးတွေက ထွက်ကြိုနေကြပြီး ကလေးတွေကလည်း ကားကို ဝိုင်းကြည့်နေကြသည် မို့ သူတို့ က လူအုပ်ကြီးဝိုင်းကြည့်ခံနေရသည် မို့ တစ်မျိုးကြီးနဲ့ မနေတတ်သလို ဖြစ်နေသည် ။ ကလေး တစ်ယောက်က ဖြူခနကိုကြည့်ကာ. ..

“ဒီဦးက ရုပ်ရှင်မင်းသားလား မသိဘူး၊ မိုက်တယ်ကွာ”

ဟု ထအော်လိုက်သဖြင့် ကျော်စွာရော သူပါ ပြုံးစိစိ။ တီလေးက ကလေးတွေကို သကြားလုံးတွေ ဝေဖာတွေ ဝေပေးနေသဖြင့် တီလေးဆီမှာ ကလေးတွေ ဝိုင်းသွားပြန်သည် မို့ သူတို့ ပါ ထိုမြင်ကွင်းကို သဘောတကျနဲ့ ပျော်သလိုလိုဖြစ်လာသည် ။

ပြီးတော့ ဆရာတော့်ကျောင်းကို သွားကာ ဆရာတော်ကို သွားဖူးပြီး လူကြီးတွေက အလှူကိစ္စတိုင်ပင်နေကြသည် ။ ကျော်စွာတို့ နှစ်ယောက်ကတော့ သူတို့ ကျောင်းအောက်သို့ ဆင်းချင်သော်လည်း ခုန ကျောင်းဝ

င်းထဲဝင်တော့ ခွေးတွေ ဝိုင်းဟောင်ထားသဖြင့် မဆင်းရဲ။ ခွေးတွေက ဘောင်းဘီရှည်ဝတ်တဲ့ သူကို မမြင်ဖူးသလောက် ဖြစ်နေလားမသိ သူတို့ နှစ်ယောက်ကိုပဲ ဟောင်နေကြသည် ။ မြို့က ခွေးတွေနဲ့ ကွာပ့ါ။ ပြီးတော့ ရွာထဲက ဘုရားလူကြီးတစ်ဦးအိမ်မှာ တည်းကြရသည် ။ အိမ်က ရှေးခေတ်က အိမ်ကြီးဖြစ်ပြီး တစ်အိမ်လုံး ကျွန်းသစ်တွေနဲ့ ဆောက်ထားသည် ။ အဖိုးတန်အိမ်အိုကြီးပင်။ ကျွန်းသစ်လုံးကြီးတွေက ခိုင်ခံ့တောင့်တင်းလှပြီး အခင်းလျှာထိုးတွေကလည်း တဖိတ်ဖိတ်လက်နေသည် ။ ရှေးခေတ်နှစ်ဆောင်မြိုင်အိမ်ကြီး ဖြစ်ပြီး အဆောင်ဆောင် အခန်းခန်းတွေကလည်း များ လှသည် ။ လသာဆောင်ကလည်း အကျယ်ကြီးမို့ သဘောကျစရာ။ သူက....

"ကျော်စွာ ဒီရက်က လပြည့်ရက်လား"

"ငါလည်း မသိဘူး"

"ဟုတ်တယ်၊ လပြည့်မဟုတ်ပေမယ့် လတော့ သာတယ်၊ သန်ဘက်ခါမှ လပြည့်နေ့လေ၊ အလှူနေ့ပေါ့"

သူတို့လိုအပ်တာ လုပ်ပေးဖို့ ထားပေးထားသည့် ကိုပု ဆိုသည့်ကောင်လေးက လာဖြေသဖြင့် သူက ခေါင်းညိတ်လိုက်ပြီး...

"အဲဒါဆို ညကျရင် ဒီလသာဆောင်ကထိုင်လို့ ကောင်းမှာ ကွ၊ ဂစ်တာပါတယ် အတော်ပဲ"

"လူကြီးတွေပါတယ်၊ ကဲဖို့ စိတ်မကူးနဲ့ ဖြူခ"

"ဟုတ်ကဲ့ ဆရာတော်၊ မဝတ်ရသေးဘူးဘုန်းကြီးလေသံပေါက်နေပြီ"

"အပေါ်မှာ ဆူမှာ ကြောက်ရင် ခြံထဲဆင်းတီးလို့ ရတာပဲဗျာ၊ ကျွန်

တော် ကွပ်ပျစ်တွေ ချလိုက်မယ်လေ၊ အစ်ကို့ဂစ်တာကြီးတွေ့တည်းက ကျွန်တော်က သဘောကျနေတာ ဗီဒီယိုတွေထဲမှာ လို ကောင်မလေး အိမ်ရှေ့သွားတီးရရင် ကောင်းမယ်ဗျ”

“ကိုပုက ကောင်မလေးရှိတယ်ပေါ့ စွဲလှချည်လား”

“ဟာ အစ်ကိုရာ မရှိပါဘူး၊ စိတ်ကူးယဉ်ကြည့်နေတာပါ၊ ကျွန်တော့်ကို ပုလို့ ဆိုပြီး တစ်ယောက်မှ မကြိုက်ကြပါဘူး၊ ဒါပေမဲ့ ကျွန်တော် အရမ်းစိတ်ရှည်တာ”

“ဟုတ်လား လုပ်စမ်းပါဦး ခင်ဗျား စိတ်ရှည်ပုံလေး”

“အစ်ကိုလေးကလည်း ကျွန်တော် ဘယ်လောက်စိတ်ရှည်သလဲဆိုရင် တစ်ယောက်ပြန် မကြိုက်ရင် နောက်တစ်ယောက်ကို လိုက်ပြောနဲ့ တစ်ရွာလုံးက မိန်းကလေးကုန်လို့ ဟိုဘက်ရွာသူတွေတောင် မျက်စောင်းလှမ်းထိုးရတဲ့ အထိပဲ”

“ဟား ဟား... ကိုပုတော့ လုပ်တော့မယ်”

“တကယ်စိတ်ရှည်တာပါဗျာ၊ မလျှော့သော ဇွဲလုံ့လနဲ့ ပိုး ပိုးနေတာ တစ်နေ့တော့ တစ်ယောက်ယောက်ရမှာ ပါ”

“အင်း... ကြိုးစား... ကြိုးစား... ဟဲ ဟဲ”

သူနဲ့ ကျော်စွာ ကိုပုကို ကြည့်ပြီး သဘောကျနေကြသည် ။ သူတို့ ရေချိုးကတော့ နည်းနည်း ဒုက္ခတွေ့ကြသည် ။ ရေက ရေတွင်းထဲကရေကို ပုံးနဲ့ ဆွဲတင်ရင်တင်၊ မဟုတ်လို့ ကတော့ ဘုံပိုင်ကို နှိပ်ပေတော့ပဲ၊ လျှပ်စစ်မီး မရှိသောရွာမို့ မော်တာနဲ့ တင်လို့ မရ။ သူတို့ စိတ်အိုက်နေကြတုန်း ဒေါ်သိန်းက ရောက် လာပြီး ရွာထဲက ကောင်လေးတစ်ယောက်ပါ ပါလာကာ ရေစည်ပိုင်းတွေထဲ ရေဖြည့်ပေးကြပြီး

သူတို့ ချိုးဖို့ ပြင်ပေးသည် ။ လူကြီးတွေက ကိစ္စမရှိသော်လည်း ကျော်စွာနဲ့ သူက အားနာနေကြပြီး သူတို့ ဘာသာ ဘုံဘိုင်နှိပ်ချိုးကြသည် ။ ဘုံပိုင်နှိပ်ရတာကို ကစားစရာ တစ်ခုလို သဘောကျနေကြသဖြင့် တီလေးက ရယ်နေသည် ။

"ကလေးတွေ မြန်မြန်ချိုးကြ၊ ရေပြောင်း မြေပြောင်း ဖျားနာနေဦးမယ်"

"Yes တီလေး"

ပြီးတော့ ရွာထဲက မဏ္ဍပ်ထဲမှာ ထမင်းသွားစားကြရသည် ။ ထမင်းစားတော့လည်း အလှူရှင် တွေဆိုပြီး အားလုံးက ပျာပျာသလဲ ဂရုစိုက်ကြသည် ။ ရွာထဲက လူကြီးလူငယ် အကုန်ဝိုင်းကြည့်နေ တာမို့ သူ့မှာ ကျော်စွာ့ မျက်နှာကြည့်ပြီး ဒုက္ခရောက်နေရသည် ။ သူတို့ နှစ်ယောက် စလုံး တစ်ယောက် တစ်လုတ် နှစ်လုတ်ဖြင့် ပြီးသွားသည် ။ ဒေါ်သိန်းက...

"သားညိုတို့ မစားတတ်ကြဘူးနဲ့ တူတယ်၊ ဒေါ်သိန်းအိမ်မှာ ထမင်းပြင်လိုက်မယ်လေ"

"နေပါစေတော့ ဒေါ်သိန်း"

"ဒါဆို သားညိုတို့ အတွက် သရေစာ တစ်ခုခုတော့ စီစဉ်လိုက်မယ်လေ၊ အိမ်ကို ပို့ထားလိုက်မယ်၊ ဆာတဲ့ အခါ စားလို့ ရအောင်ပေါ့"

"ဒေါ်သိန်းရေ နောက်ဆို သူတို့ ကို အိမ်မှာ ပဲ ထမင်းစားဖို့ စီစဉ်ပေးလိုက်ပါ ကိုလူပျိုတွေက ရှက်နေကြတယ်"

တီလေးက ဒေါ်သိန်းကို မှာ နေသည် ။ အလှူမဏ္ဍပ်ထဲမှာ အားလုံးက အလုပ်ရှုပ်နေကြသည် ။

“ဟေး… ဝေး… ဟေး”

“ဟိုဘက်မှာ ဘာဖြစ်နေတာလဲ မသိဘူး”

“အဲဒါ ပေါက်ပေါက်ဆုပ်နေကြတာ သားဖြူရဲ့ ၊ လာလေ ဒေါ်သိန်း လိုက်ပြမယ်”

စားပွဲဝိုင်းပေါ်မှာ ပေါက်ပေါက်တွေတင်ပြီး အိုးထဲက ဩောင်စေးကျ နေတဲ့ ထန်းလျက်ရည် ပူပူတွေ လောင်းပြီး ထိုပူပူလောင်လောင်ကိုပဲ အု ပ်စုလိုက်ကြီး တွန်းယူမွှောက်လိုက်၊ ပစ်ချလိုက် လုပ်နေကြသည် ။ အား လုံးသမပြီး စေးပိုင်လာတော့ လက်နှစ်ဖက်ဖြင့် အလုံးလေးတွေ ဆုပ်ကြ ရသည် ။ ဟေးလား ဝါးလား အော်ပြီး လုပ်နေကြတာ ပျော်စရာကြီးပါ။ သူတို့ ကြည့်ပြီး သဘောကျနေကြသည် ။

ဟိုဘက်မှာ ကြက်သွန်နွှာ၊ ချင်းလှီးလုပ်နေကြသည့် မိန်းမပျိုအဖွဲ့၊ ကိုပုက ထိုမိန်းကလေး တွေနားမှာ သူတို့ ကို လှမ်းခေါ်နေသဖြင့် ခေါင်း ခါပြလိုက်ပြီး အဘွားတို့ ဘက် ပြန်ထွက်လာလိုက် သည် ။

“ကိုပု… တော်တို့ မြို့သားတွေကလည်း ကြီးကျယ်လိုက်တာတော်”

“အေးလေ ဒီဘက်ကို ခေါ်တာများ ခေါင်းတခါခါနဲ့ ”

“ဟဲ့… ဟိုက မြို့သား ချောချောသန့်သန့်လေးတွေ၊ နင်တို့လို တောသူ တွေနား လာချင် မလား”

“အမယ်လေးဟယ် မြို့သားရော ဘာသားနဲ့ ထုထားတာမို့လို့ လဲ”

“ကျွန်းသားနဲ့ လားမှ မသိတာ”

“ မဟုတ်ဘူး ပျဉ်းကတိုးသားနဲ့ ”

“ဟီ ဟိ”

ရွာသူတစ်သိုက်ဆီမှ ကျွက်စီ ကျွက်စီအသံတွေရယ်လေ။

ပြီးတော့ ထင်းခွဲရေခပ်နေကြသည့် ကာလသားတွေကို ကိုပုက ကျော်စွာနဲ့ ခနတို့ ဂစ်တာပါလာကြောင်း၊ ညကျ ဂစ်တာတီး သီချင်းဆိုကြမည်ဖြစ်ကြောင်း အပြေးအလွှား သတင်းပို့နေပြသည် မို့ သူတို့ နှစ်ယောက်မှာ ပြုံးစိစိ။

ဘာပဲဖြစ်ဖြစ် ဒီခရီးဟာ သူတို့ နှစ်ယောက်ကို စိတ်မပျက်စေဘဲ ပျော်ရွှင်စေတာတော့ အမှန်ပင်။ သူတို့ အတွက် ဒီရွာကလေးရဲ့ လူနေမှုဘဝဟာ အထူးအဆန်း အံ့သြဖွယ်ရာပင် ဖြစ်နေရသည် မို့...။

*

ဒီရွာကလေးက လူတွေက ရိုးသားကြတယ်နော်”

“များ သောအားဖြင့် ဒီလို သိပ်ပြီး မဖွံ့ဖြိုးသေးတဲ့ တောရွာကလေးမှာ ဒီလိုပါပဲ သားဖြူရယ်၊ သားတို့ မြို့ပေါ်က လူနေမှုစရိုက်နဲ့ က တခြားစီဖြစ်နေတာပေါ့”

“ဒါပေမဲ့ သူတို့ ဘဝလေးတွေနဲ့ သူတို့ ပျော်နေကြတာပဲ တီလေးရဲ့ ”

“အင်း… ဟုတ်တယ်၊ စီးပွားရေးဆိုလည်း တောင်ယာအလုပ်ပဲ၊ သုံးရာသီလုံး ဒီရာသီသီးနှံစိုက်၊ ပုံမှန်လည်ပတ်နေကြတာပဲ၊ အံမယ် လယ်ရာအလုပ်ကလည်း အထွက်ကောင်းတဲ့ နှစ်များ ဆို ရွာလုံးကျွတ် မီးခိုးတိတ်အလှူကြီးတောင် ပေးနိုင်သေးတယ်တဲ့ ၊ ချမ်းသာကြွယ်ဝတဲ့ လယ်သမားကြီးတွေ ရှိကြတယ်”

“အင်းလေ… ဟုတ်မှာ ပေါ့”

“ဘာလိုလိုနဲ့ ဖြူမနေရေ မနက်ဖြန်ဆို ငါတို့ ရဲ့ Alter ကလေးတွေတော့ လျှောရတော့မယ်”

“အေးလေ… ဒီတစ်ခေါက်က ကိုကိုညီညီမှာ ညှပ်ထားတာ သိပ်မကြာသေးဘူး”

“အံမယ်… ရှင်တို့ တွေ အဲလိုပြောနေတာနဲ့ ကို ငရဲကြီးတော့မယ်နော် …ဟင်း”

ညကျတော့ ကိုပုရဲ့ ပရိသတ်တွေက စုံစုံညီညီချီ တက်လာကြသည် ။ လက်ဖက်သုပ် ပဲသုပ်နဲ့ ရေနွေးကြမ်းဝိုင်းကလည်း ကွပ်ပျစ်ပေါ်မှာ အရန်သင့်။

ကိုပုက ဂစ်တာကို ဟန်နဲ့ ပန်နဲ့ ကိုင်ပြီး ကြိုးတွေကို လိုက်ထိကြည့်လိုက်သည် ။ တစ်ယောက်က...

"ဂစ်တာတီးတာနဲ့ မယ်ဒလင်တီးတာ ဘာကွာလဲ"

"ကျွန်တော်တို့ က မယ်ဒလင်မတီးတတ်တော့ သိပ်မသိဘူးခင်ဗျ၊ ဒါပေမဲ့ သိပ်ကွာမယ် မထင်ပါဘူး"

"အဲဒါဆို တွံတေးသိန်းတန် တစ်ပုဒ်လောက် တီးကြည့်ဗျာ"

"အဲ...."

သူနဲ့ ကျော်စွာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးစိစိနဲ့ ...

"ကျွန်တော်တို့ က အဲဒီသီချင်းတွေ မရဘူး"

"အေးလေကွာ၊ မင်းတို့ က တောသီချင်းတွေ မတီးခိုင်းနဲ့ လေ၊ လုပ်ဗျာ၊ အစ်ကိုတို့ တီးတာတွေပဲနားထောင်ကြမယ်၊ မြို့သီချင်းလေးလုပ်ပါ၊ အက်ဆစ်တို့ အဆိပ်တို့ ဆိုထားတဲ့ ရန်ဖြစ်သလို သီချင်းတွေ ရလား"

"အဟွန်း"

ထိုညက သူတို့ တော်တော်နဲ့ မအိပ်ကြဘဲ ရွာသားတွေနဲ့ သီချင်းဆိုဂစ်တာတီးကြနဲ့ ည၉တစ်နာရီခွဲမှ ပဲ အိပ်ဖြစ်ကြသည် ။ ဒါတောင် တီလေး ထွက်ပြောလို့ ဝိုင်းက ရပ်သွားခြင်း ဖြစ်သည် ။

သူတို့ နှစ်ယောက်မှာ ရွာသားတွေရဲ့ ဖြူစင်ရိုးသားပုံတွေကို သဘော

တကျနဲ့ ပါ။ မြို့ပြနဲ့ တောရဲ့ လူနေမှုစရိုက်ကွာဟမှုတွေကိုလည်း လက်တွေ့ကြုံမှ ယုံရပေတော့သည့်အဖြစ်မျိုးလေ။

***

မနက်အရုဏ်ကျင်းချိန်ကတည်းက အလှူရှင်လောင်းလှည့်ဖို့ ပြင်နေကြသည် ။ သူတို့ ကိုလည်း တီလေးက အဝတ်အစားတွေ လာပြင်ပေးပြီး...

"မိတ်ကပ်ရိုက်ပေးရဦးမလား"

"အာ... တီလေးကလည်း "

"အဲဒါ ဆိုရင်တော့ တီလေးခေါ်သလို မျောက်ဖြူတကယ်ဖြစ်ပြီ"

သူတို့ တွေကို ပြင်ဆင်ပေးပြီး တီလေး ထွက်သွားတော့ ကိုပု ဝင်လာသည် ။

"မိုက်တယ်ကွာ၊ အစ်ကိုလေးတို့ က ဘယ်လိုဝတ်ဝတ် လှနေတာပဲ၊ ခုလည်း မင်္ဂလာဆောင် မယ့် သတို့ သားကျနေတာပဲ"

"ပေါက်ပေါက်ရှာရှာဗျာ"

"အဲဒီပေါက်ပေါက်ရှာရှာက ဖြစ်ချင်တာတောင် မဖြစ်ရလို့ အစ်ကိုလေးရ၊ ဒီအလှူတော့ အစွံထုတ်ရမယ်၊ အဲဒါကြောင့် ကျွန်တော် အပြတ်ပြင်ထားတာ"

အပေါ်က ပန်းဆီရောင် ရှပ်လက်ရှည်နဲ့ အောက်က အနီကွက်ပုဆိုးနဲ့ ကိုပု မျက်နှာမှာ လည်း ဘယ်သူ့ဆီက တောင်းလိမ်းထားမှန်းမသိ မိတ်ကပ်တွေ ဟိုတစ်ကွက် ဒီတစ်ကွက်နှင့် ရယ်ချင်စရာ ဖြစ်နေသည် ။

သူနဲ့ ကျော်စွာကတော့ ပြုံးစိစိသာပါ။ ကိုပုကတော့ သူ့ဘာသာ သ

ဘောကျကာ ပါးစပ်မစေ့နိုင်။ အလှူလှည့်တော့ ရှင်လောင်းတွေကို မြင်းတွေနဲ့ ။ ရဟန်းလောင်းတွေက ဆင်တွေနဲ့ ။ သူတို့ ရန်ကုန်မှာ သာနေကြတာ ဆင်တော့မစီးဖူးပေ။ ဆင်စီးရမယ်ဆိုတော့နှစ်ယောက်သား သဘောကျနေကြသည် ။ သူတို့ ဆင်ပေါ်မှာ နေကြစဉ် အလှူလှည့်ဖို့ စီစဉ်နေကြတုန်းမို့ တော်တော်နှင့် မထွက်နိုင်။

“ကျော်စွာဟိုမှာ ... ဟိုမှာ ကိုပုကိုကြည့်၊ ကိုပု ပတ်ရှိုးနေတာ၊ ဟိုဘက်ပတ်လိုက် ဒီဘက်ပတ်လိုက်နဲ့ ကို ရှိုးနေတာ”

“အေး... ကိုပုက ရယ်ရတယ်ကွာ”

ကျော်စွာကို ပုကို ကြည့်နေရင်း စံပယ်တွေ ဝေနေအောင် ပန်ထားတဲ့ မျက်နှာလေးတစ်ခုကို ဖျတ်ခနဲတွေ့လိုက်ရသည် ။ နည်းနည်းလှမ်းပေမယ့် မျက်နှာလေးမြင်ရတာ ငြိမ်းချမ်းသွားသလိုပင်။

လမ်းလျှောက်ပုံလေးကလည်း ညင်ညင်သာသာလေးပါ။ ကိုယ်လုံးသွယ်သွယ်နွဲ့နွဲ့လေးနဲ့ ချိတ်လုံချည်လေးကို ရင်စေ့လက်ရှည်အင်္ကျီလေးနဲ့ မြန်မာဆန်ဆန်လေး။ အမျိုးသမီးငယ်တွေ နေရာယူတော့ သူမကို ရှေ့ဆုံးမှာ နေရာယူတာတွေ့လိုက်ရသည် ။

သြော်... ဒီရွာရဲ့ ကွမ်းတောင်ကိုင်မိန်းမလှလေးပေ့ါဟု တွေးလိုက်မိသည် ။ ဖြူခနဲကို သတိရပြီး လှည့်ကြည့်လိုက်တော့ ညက ဂစ်တာတီးသီချင်းလာဆိုကြသည့် ကာလသားတွေ ဝိုင်းဘက်လှမ်းကြည့်ပြီး ရယ်နေသဖြင့် ကျော်စွာ သက်ပြင်းတစ်ချက်ခိုးချလိုက်သည် ။

အလှူရှင်လောင်းလှည့်ကျတော့ သူတို့ ပဉ္စင်းလောင်းတွေက နောက်ဆုံး၊ သူတို့ နောက်မှာ ဗျောအဖွဲ့ပဲ ရှိတော့သည် ။ ကျော်စွာ့ရင်ထဲမှာ မိန်းမလှလေး၏ ပုံရိပ်က သက်ဝင်ငြိတွယ်လျက်။

“ကျော်စွာ ငါ ခေါ်နေတာကြာပြီ ဘာတွေစဉ်းစားနေတာလဲ”

“ဘာမှ မစဉ်းစားပါဘူးကွာ”

“ပျော်စရာတော့ ကောင်းတယ်ကွာ၊ ကိုပုကို ကြည့်လိုက်၊ အစောပိုင်းကတော့ ရှိုးစမိုးအပြည့်နဲ့ အခုကျတော့ ကနေလိုက်တာ ကွေးနေတာပဲ”

“အင်း”

ဖြူစနကတော့ ကျော်စွာ့ကို သိပ်ပြီးသတိမထားမိ။ သူ ပြောချင်ရာပြောပြီး ကြည့်နေသည် ။ ကျော်စွာ့ ရင်ထဲရင်လေးနေသလိုပဲ ။ ဖြူစနနဲ့ ပတ်သက်ပြီး သူ စိုးရိမ်နေမိသည် ။ အစောကတွေ့ လိုက်ရတဲ့ မိန်းမလှလေးကို ဖြူစနေ သတိမထားမိပါစေနဲ့ ဟု ဆုတောင်းမိတာ ဒါပထမဦးဆုံး ဖြူစနနဲ့ ပတ်သက်ပြီး စိုးရိမ်ဖူးတာပင်။

အလှူလှည့်ပြီးတော့ ဘုန်းကြီးကျောင်းမှာ ရေစက်ချတရားနာနှင့်။ ကျော်စွာ မိန်းမလှလေး ကို ရှာနေမိသည် ။ တွေ့ပါပြီ။ တွေ့ပါပြီ။ ငြိမ်သက်စွာ တရားနာနေသော ကောင်မလေး ငြိမ်းချမ်းလိုက်တာ။ ကျော်စွာ သူမလေးကို ငေးနေမိသည် ။ ပြီးတော့ အလှူက ဝက်သားကျွေးတာမို့ ရွာလုံးကျွတ် ခြိမ့်ခြိမ့်သဲသဲ။ ဘွားလေး၏ မျက်နှာမှာ ပီတိအပြုံးတွေ။ သူတို့ ပါ ပျော်ရွှင်နေကြသည် ။

ဆံချနေတုန်း မေမေနှစ်ယောက်က မျက်ရည်ကျနေကြသေးသည် ။ ပြီးတော့ ဦးပဥ္စင်းတို့ က ကန်တော့သောအခါ သူတို့ မှာ တစ်မျိုးကြီးတွေ ဖြစ်လျက်။

အလှူကြီးလည်း အောင်မြင်စွာ ပြီးဆုံးသွားပါပြီ။ အလှူပြီးတော့ မေမေတို့ က ရန်ကုန်ပြန်ကြမည်။ သူတို့ ဦးပဥ္စင်းနှစ်ပါးပါ ရန်ကုန်ကိုကြွဖို့ ပင့်ကြသည့်အခါ ကျော်စွာ ထဖောက် ပါပြီ။

“ဦးဇင်း ဒီရွာကကျောင်းမှာ ပဲ သီတင်းသုံးချင်တယ်၊ ဒီမှာ ခုနစ်ရက်ပြည့်အောင်ဝတ်ပြီးမှ တစ်ခါတည်း လူဝတ်လဲပြီး ပြန်လာခဲ့မယ်”

“ဒီမှာ သီတင်းသုံးရတာ အဆင်ပြေပါ့မလား ဘုရား”

“ပြေပါတယ် ဒကာမကြီးရယ်၊ မပြေစရာ မရှိပါဘူး”

ဆရာတော်ကပါ သဘောတကျနဲ့ ဝင်ပြောသဖြင့် ဘွားလေးနှင့် လူကြီးတွေက ဘာမှ မပြောကြတော့။ ဒေါ်သိန်းကို ထားခဲ့ပြီး သူတို့ ကို ဆွမ်းကွမ်းဝေယျာဝစ္စ အဆင်ပြေအောင် စီစဉ်ထားခဲ့ပေးပြီး ပြန်သွားကြသည် ။

“ဦးဇင်းကျော်စွာ ဒီမှာ ပျော်နေတာလား”

ဦးဇင်းဖြူခနအမေးကို ခေါင်းပဲ ညိတ်ပြလိုက်သည် ။ နောက်တစ်နေ့ မနက် သူတို့ ဆွမ်းခံသွားတော့ မိန်းမလှလေးက ဆွမ်းထွက်လောင်းသည် ။ ဦးဇင်းဝတ်နဲ့ မို့ ကျော်စွာ စိတ်ထိန်းပြီး တရားပဲ မှတ်နေလိုက်တော့သည် ။ ဒီလိုနဲ့ ခုနစ်ရက်ပြည့်လို့ လူဝတ်လဲတဲ့ အထိ မိန်းမလှလေးကို ဆွမ်းခံတိုင်း မြင်ရသည့်အခါ သံယောဇဉ်တို့ က တစ်ရစ်ပြီးတရစ်။ လူထွက်ပြီး ပြီးချင်း ဖြူခနက…

“ကျော်စွာ မင်းကို ငါ ပြောစရာရှိတယ်၊ ခုနစ်ရက်လုံး အောင့်ထားရတာ”

“ငါ အရင်ပြောမယ်၊ ငါလည်း ပြောစရာရှိတယ်”

“ဟာ… မင်းနောက်မှ ပြော၊ငါ ပြောမယ်၊ ငါ ဒီရွာသူလေးတစ်ယောက်တွေ့ထားတယ်၊ ချစ်စရာလေးကွာ၊ ငါတို့ ကို ဆွမ်းနေ့တိုင်းထွက်လောင်းတယ်လေ၊ သူတို့ အိမ်ရှေ့မှာ ပန်းပင်ရှိ တယ်လေ၊ ဆိပ်ဖလူးပင်

တွေလား မသိဘူး၊ သိလား အဲဒီကောင်မလေး ချစ်စရာလေး”

ကျော်စွာ သက်ပြင်းတစ်ချက် ချလိုက်ပြီး ငြိမ်သက်သွားသည် ။

“ကျော်စွာ ဘာပြောမှာ လဲ ပြောလေ”

“ဘာမှ မဟုတ်ပါဘူး၊ မင်း အသည်းအသန် ပြောချင်နေလို့ စလိုက်တာပါ”

“ကျော်စွာ ငါတို့ မပြန်သေးဘူး၊ ဒီမှာ တစ်ပတ်လောက် ဆက်နေရအောင်”

“လူကြီးတွေ စိတ်ပူနေမှာ ပေါ့”

“ရပါတယ်၊ ကားကြိုတွေနဲ့ မှာ လိုက်မယ်လေ”

“ဘယ်မှာ နေမှာ လဲ”

“ဘုရားလူကြီး အိမ်မှာ ပဲပေါ့”

“ဘုရားလူကြီးအိမ်မှာ ဘာလုပ်မှာ လဲဗျ ကိုလေးရ”

“ဩော်... ကိုပု”

“အစ်ကိုလေးတို့ လူထွက်ပြီဆိုလို့ ပြန်တော့မလားလို့ လာနှုတ်ဆက်တာ၊ တော်ကြာ နှုတ်မဆက်လိုက်ရမှာ စိုးလို့ ”

“လူတော့ ထွက်ပြီးပြီ၊ ဒါပေမဲ့ ဒီရွာလေးက ပျော်စရာကောင်းတော့ ဆက်နေချင်သေးလို့ တစ်ပတ်လောက် ဒီရွာမှာ ကြည့်ဦးမလားလို့ ”

“ဟာ... ကောင်းတာပေါ့ ပျော်စရာကြီး၊ ကျွန်တော့်အိမ်မှာ လိုက်နေ အစ်ကိုလေး၊ ကျွန်တော်တို့ က သားအမိနှစ်ယောက်တည်းနေတာ၊ နှစ်ထပ်အိမ်ဆိုတော့ ကျယ်လည်း ကျယ်တယ်၊ အိမ်မှာ အမေနဲ့ ကျွန်တော် နှစ်ယောက်တည်း ပျင်းလွန်းလို့ ဧည့်သည် ကိုပဲ မျှော်နေကြတာ၊ကျွန်

တော် တို့ ရွာမှ ကောင်းကျိုးလာပြုတဲ့ ဧည့်သည် ကို ဧည့်ဝတ်ကျေချင်လို့ ပါဗျာ၊ ပြီးတော့ အရီးသိန်းနဲ့ အမေကလည်း ညီအစ်မဝမ်းကွဲတွေလေ၊ ခု အရီးသိန်းက အိမ်မှာ ပဲ တည်းတာလေ၊ အိမ်မှာ လိုက်တည်းပါဗျာ”

ကိုပု အတင်းခေါ်သဖြင့် ကိုပုတို့ အိမ် ပါသွားကြသည် ။ သူတို့ တစ်ပတ်လောက်နေဦးမည်ဆို သည့်သတင်းက ရွာထဲမှာ ပျံ့သွားပြီး ကိုပုတို့ အိမ်ကို ဧည့်သည် တွေ မစဲဖြစ်သွားရတော့သည် ။ ဟိုအိမ်က ထမင်းစားလာပါဦး၊ ဒီအိမ်က လက်ဖက်ရည်လာသောက်ပါဦးနှင့် ရပ်ခလေ့ ရွာခလေ့အတိုင်းဧည့်ဝတ်တွေ ကျေကြပါသည် ။

ကိုပုက ရွာတွင် အတန်အသင့် ချမ်းသာသူတစ်ဦးပင်။ လယ်ဧကများစွာ ပိုင်ဆိုသည့် လယ်ရှင်တစ်ဦး။ ပျော်ပျော်ပါးပါး နေတတ်သော်လည်း စီးပွားရေးကြတော့လည်း ကြိုးစား ပမ်းစားလုပ်ကာ သဘောမနောကောင်းသူပင်။ ကိုပုမိခင်ကလည်း သူတို့ ကို ဂရုတစိုက် ချစ်ခင်ကြသဖြင့် ထိုအိမ်မှာ ပျော်နေကြသေးသည် ။

လတ်တလော ရွာမှာ နေရတဲ့ ရည်ရွယ်ချက်က ပျောက်တော့မည်။ ကောင်မလေးကို မတွေ့ရသေး။ ကိုပုကိုပဲ အားကိုးရဦးတော့မည်။ ဒါပေမဲ့ ဖြူခနဲ ဘယ်နားက စပြောရမှန်းမသိ။ ကျော်စွာကို ပြောတော့လည်း အင်းမလှုပ်၊ အဲမလှုပ်။

ကျော်စွာအနေနဲ့ က အင်းမလှုပ်အဲမလှုပ်သာပါ။ တားလိုက်ရင်လည်း သူ့ကိုယ်သူ မလုံ။ သူက ကြိုက်နေတာကိုး။ ဖြူခနဲက ခဏတစ်ဖြုတ် အပျော်ဆိုတာ သိတော့ သူသာမကြိုက်ရင် လုံးဝတားမိမှာ ။ တောသူအရိုးအစင်းလေးကို ဖြူခနဲရဲ့ ကစားစရာတစ်ခု မဖြစ်စေချင်တာအမှန်ပင်။ ဒါပေမဲ့ သူကိုယ်တိုင်ကလည်း စိတ်ဝင်စားနေမိတာမို့ ရဲရဲတင်းတင်း မတားရဲတာနဲ့ ပင် မကန့်ကွက် မထောက်ခံပဲ နှာစေးနေ

လိုက်တော့သည် ။

"ကျော်စွာ ငါ ကိုပုကို မေးရင် ကောင်းမလား"

"မသိဘူးလေ"

ညနေကျတော့ ကိုပုကို ရွာထဲ လမ်းလျှောက်ချင်သည် ဆိုတာ လိုက်ပို့ခိုင်းသည် ။ ကောင်မလေးတို့ အိမ်ဘက်ကိုပေ့ါ။ ဆိုက်ဆိုက်မြိုက်မြိုက် သူမ ခြံထဲကထွက်လာတာ တွေ့လိုက်ရသဖြင့် သူတို့ တစ်ယောက်တစ်မျိုးစီ ဝမ်းသာသွားကြသည် ။

"ကိုပု အဲဒီကောင်မလေးနာမည် ဘယ်သူလဲဗျ"

"အဲဒါ ကျွန်တော်တို့ ရွာက ကွမ်းတောင်ကိုင်လေ၊ ရွာမှာ အလှဆုံးပေ့ါ"

"ဟုတ်လား"

"ဘာလဲ အလှူနေ့က တွေ့လိုက်လို့ လား"

"ဟင့်အင်း... အလှူနေ့က မတွေ့မိဘူး၊ ဆွမ်းခံထွက်တုန်းတွေ့တာ၊ သူက အမြဲတမ်း ဆွမ်းထွက်လောင်းတယ်"

"ဟုတ်တယ် အစ်ကိုလေးရ၊ သူက ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဘုရားတရားလည်း ကြည်ညိုတယ်၊ ကလေးပဲရှိသေးတာ၊ လူက ထွားနေလို့သာ"

"ကျွန်တော်တို့ လောက်တော့ ရှိမှာ ပေ့ါ"

"အစ်ကိုလေးတို့ ထက် ငယ်မှာ ပါ၊ သူက ခုမှ ကိုးတန်းဖြေထားတုန်းရှိသေးတာ၊ လူက ထွားနေတာ၊ လှတာကိုတော့ ပြောမနေနဲ့ ဗျို့၊ ကာလသားတွေဆိုလည်း အားလုံးမျက်စောင်း ထိုးကြည့်နေကြတာနဲ့

သူ့အမေကြီးဆို မျက်လုံးဒေါက်ထောက်ကြည့်နေရတာ မောနေတာပဲ၊ ဘယ်နေ့ မျက်လုံးဒေါက်ပြုတ်မလဲပဲ”

“ဩော်”

“သူတို့ က သားအမိနှစ်ယောက်ပဲရှိတာလေ၊ သူ့အဖေကသူ ငယ်ငယ်တုန်းက ဆုံးသွားတာ၊ ဒါပေမဲ့ ဘိုးဘွားပိုင် လယ်တွေနဲ့ မပူမပင်လေးတော့ နေရတာပေါ့”

ကိုပုကို တစ်ခွန်းပဲမေးလိုက်ရသည် ။ ရိုက်စစ်သလို စကားတွေက တရစပ် ထွက်လာသဖြင့် သူ ပြုံးလိုက်မိသည် ။ ထို့နောက် ကောင်မလေးနှင့် မျက်နှာချင်းဆုံတော့ ကိုပုက...

“ဖြူမ ဘယ်သွားမလို့ လဲဟ”

“ဒီနားတင် အရီးလှတို့ အိမ် သခွားမျိုးစေ့ သွားယူမလို့ ”

“ဩော်... ဒေါ်ကြီးရော”

“အမေ အိမ်မှာ ရှိတယ်”

“နေကောင်းရဲ့ လား”

“ကောင်းတယ် ဒေါင်ဒေါင်မြည်ပဲလေ၊ ညနေတောင် ဟိုဘက်ရွာ ဆန်သွားကြိတ်မလို့ တဲ့ ၊ ကိုပုတို့ ရော ဆန်ကြိတ်ပြီးပြီလား”

“ပြီးပြီဟ၊ မြို့ပေါ်တောင် တစ်ခေါက်တက်ရောင်းပြီးပြီ၊ ဈေးကလည်း အေးနေပါတယ်”

“ဟုတ်တယ်နော်၊ မနှစ်က ဒီအချိန်ဆို ဈေးတော်တော်ရနေပြီ”

“ဖြူမ”

“ရှင်”

ဖြူမနေ ခေါ်လိုက်၍ သူမ ယောင်နနနှင့် ပြန်ထူးသည် ။

"ကျောင်းနေလား"

"ဟုတ်ကဲ့"

"ဘယ်နှတန်းရောက်ပြီလဲ"

"ကိုးတန်းပါ၊ ကိုးတန်းဖြေထားတာ"

"ဪ... ဒါဆို ကိုကိုတို့ ထက် ငယ်တာပေါ့"

ဖြူမ ဘာမှ မပြောဘဲ ခေါင်းငုံ့နေသည် ။

"ဖြူမအသက် ဘယ်လောက်လဲ"

"ဆယ့်ငါးနှစ်ပါ"

"ကိုကိုကနှစ်ဆယ်၊ ငါးနှစ်ငယ်တယ်၊ ကိုကို့နာမည်က ဖြူနေတဲ့ မှတ်ထားနော်"

"ဟုတ်ကဲ့ ဖြူမ သိပါတယ်ရှင့်၊ ဟို... ဖြူမ သွားတော့မယ်၊ နောက်ကျနေရင် အမေ ဆူလိမ့်မယ်"

"အိုကေ... ကလေးလေး သွားတော့ သွားတော့"

"အစ်ကိုလေးတို့ ကတော့ ပိုင်တယ်ဗျာ၊ တစ်ခါတည်း ကိုကို လုပ်လိုက်တာ"

"သူက ညီမလေးအရွယ်လေးပါဗျာ၊ အဲဒါကြောင့် ညီမလေးလို သဘောထားပြီး ကိုကိုလို့ ပြောလိုက်တာပါ"

"ဪ... ဒီလိုလား"

ကိုပုက လမ်းလျှောက်ရင်း သူ့ဘာသာ စဉ်းစားနေသည် ။ ဖြူနေက

ကျော်စွာ့ကို မျက်စိမှိတ်ပြလိုက်သည် ။ ကျော်စွာမှာ တော့ သက်ပြင်းတစ်ရှိုက်ဖြင့်...

"ဒီတစ်ခါရော မင်းရဲ့ ပန်းခင်းထဲက ပန်းတစ်ပွင့်ကို ပေးဦးမလို့လား"

"ပေးဖြစ်မယ်နဲ့ တူတယ်"

"ကလေးလေးပဲ ရှိပါသေးတယ်"

"အင်း... မသေချာသေးပါဘူး"

"ဘာလဲ ပြန်ဖို့ မသေချာသေးတာလား"

"မင်းကလည်း ကွာ ပြန်ချင်နေပြီလား၊ ပြန်ချင်ရင်လည်း ပြန်ကြမယ်လေ"

အဲလိုဆိုတော့လည်း ကျော်စွာ ခေါင်းခါပါသည် ။

***

လမ်းလျှောက်ရာမှ ပြန် လာပြီး ဖြူခနရော ကျော်စွာပါ နေ့ခင်းဘက်ပျင်းပျင်းနှင့် အိပ်နေကြသည် ။ နေကပူ၊ အိုက်စပ်စပ်နဲ့ ရန်ကုန်က Air Con လေအေးပေးစက်တွေကို သတိရမိသေးသည် ။ ဖြူခနနိုးလာတော့ ကျော်စွာကို မတွေ့ရ။

"ဒေါ်သိန်းရေ ကိုပုနဲ့ ကျော်စွာရော"

"ကိုပုက လယ်ထဲသွားတယ်၊ ကျော်စွာလည်း လိုက်သွားတယ် ကိုဖြူရေ၊ ကိုညိုကို မလိုက်နဲ့ လို့ ပြောတာမရဘူး ပါသွားလေရဲ့ "

"သားကိုတောင် မခေါ်သွားဘူး"

“ကိုဖြူက အိပ်နေတော့ မနှိုးချင်လို့ နေမှာ ပေါ့ကွယ်”

“အင်း... သား ရွာထဲခဏသွားဦးမယ်”

“ဟဲ့... သွားတတ်လို့ လား”

“အမယ်လေး ဒေါ်သိန်းကလည်း ရန်ကုန်သားပါ၊ ဒီရွာကလေး မျက်စိတစ်မှိတ်စာကို”

“စိတ်ပူလို့ ပါကွယ်၊ တစ်ခုခုဆို ဒေါ်သိန်း ခေါင်းကျမှာ ”

“ဘာမှ မဖြစ်ပါဘူး၊ သား ပျင်းလို့ လမ်းလျှောက်ရုံပဲ”

“အေး... သွား... သွား... နေတောင်အေးနေပြီ၊ မိုးမချုပ်စေနဲ့ ကလေး ”

“ဟုတ်ကဲ့ပါ”

ထုံးစံအတိုင်း ဖြူမတို့ အိမ်ဘက်ပဲ လျှောက်လာဖြစ်သည် ။ ဖြူမကို အရိပ်အယောင်ပင် မတွေ့ရ။ ဘုန်းကြီးကျောင်းဘက် ဆက်လျှောက်လာရင်း ရွာဦးစေတီလေးကို သွားကန်တော့လိုက် သည် ။ စေတီက တောင်ကုန်းပေါ်တွင် မို့ အပေါ်စီးကနေ ရွာလေးကို မြင်နေရသည် ။

နေလုံးကြီးက တဖြည်းဖြည်း နိမ့်ကျလာသည် ။ အကျည်းတန်သူတွေပင်လှသည့် ဆည်းဆာချိန်မှာ အကျည်းမတန်တဲ့ ကောင်မလေးက အရမ်းကို လှနေမှာ ပဲလေ။ သူ တွေးရင်း စေတီကို တစ်ပတ်ပတ်ပြီး ပြန်ဆင်းဖို့ ပြင်လိုက်တော့...

“ဟင်”

စေတီရင်ပြင်ပေါ်ရှိ ဘုရားပန်းအိုးတွေကို ပန်းလဲထိုးနေသော ဖြူမကို တွေ့လိုက်ရသည် ။

"ဖြူမ"

"အဲ့..."

လန့်သွားပုံလေးက ချစ်စရာပင်။

"ဖြူမ တစ်ယောက်တည်းလား"

"ဟုတ်... ဟုတ်ကဲ့၊ အမေက ... အမေက ဆန်သွားကြိတ်လို့ "

"ဩော်... ခု ပန်းအိုးထိုးလိုက်ပြီးပြီလား၊ ကိုယ် ဝိုင်းကူမယ်လေ"

"ပြီးပြီ အစ်ကိုလေး"

"အစ်ကိုလေး ဆိုတာက တောဆန်တယ် ဖြူမရဲ့ ၊ ကိုကိုလို့ ခေါ်"

သူမလေးက ခေါင်းကို ငုံ့ထားသည် ။

"ခေါ်လေ"

"ဟို... မခေါ်ရဲ"

"မရဘူး ခေါ်၊ ကိုကိုက ဖြူမကို ကလေးလေးလို့ ပဲ ခေါ်မယ်၊ ဖြူမက ငယ်ငယ်လေးပဲရှိသေး တော့ ကလေးလေးပေါ့၊ ကိုကိုလို့ ခေါ်လေ"

"ဟင့်အင်း"

"ဘာလို့ လဲ"

"မခေါ်ရဲဘူး"

"မရဘူး ခေါ်ရမယ်၊ မခေါ်ရင် မပြန်ရဘူး"

သူက ခပ်တည်တည်ဖြင့် ရှေ့က ပိတ်ရပ်ထားလိုက်သည် ။ သူများ ရွာ လာပြီး ရိုက်ပေါက် လုပ်နေပြီဟု တွေးမိတော့ ခေါင်းက ခပ်ကျိန်းကျိန်းဖြစ်လာသည် ။ သူမက မျက်လုံးဝိုင်းလေး ဖြင့်သာ...

"မခေါ်ဘူးလား ပြန်မလွှတ်ဘူးနော်"

"ကို… ကိုကို"

"ဟား… ဒီလိုမှ ပေါ့ ကလေးလေးရဲ့ ၊ ချစ်စရာလေးကွာ"

"ဖြူမ သွားတော့မယ်"

"ကလေးလေး သဘောပါဗျာ"

သူ့နားက ဖြတ်သွားတော့ သနပ်ခါးသင်းသင်းလေးက ရင်ကို အေးသွားစေသည် ။ ဆံပင်ရှည်ရှည်တွေကို ဖွတ်မြီးတစ်ချောင်းတည်း ထိုးထားကာ ခေါင်းမှာ လည်း ငွေပန်းလေးတစ်ပွင့် နှင့်။ မြို့သူအချောအလှတွေနဲ့ သာ ဆုံရတဲ့ ခနမှာ ဖြူမက သူ့အတွက် အသစ်အဆန်းဖြစ်နေသည် ။ သူ့ ဘာသာ ပြုံးလိုက်ရင်း စေတီပေါ်မှ ပြန်ဆင်းလာလိုက်တော့သည် ။

ရွာထဲ လမ်းလျှောက်လာချိန်မှာ တော့ မှောင်ရိပ်သမ်းနေပြီး လူလုံးပင်မသဲကွဲတော့ချေ။ ဒေါ်သိန်းတစ်ယောက် စိတ်ပူနေလောက်ပြီလေ။

ဖြူမတို့ ခြံရှေ့ရောက်တော့ သူမကို စံပယ်ပင်တွေနားမှာ ထိုင်နေတာတွေ့ရသည် ။ သူ့ကိုယ်သူ သတိမထားမိခင် ခြံထဲကို ဝင်လာမိတော့သည် ။

မှောင်နေပြီမို့ ပတ်ဝန်းကျင်က သတိမထားမိလိုက်။ ဖြူမ စံပယ်ပင်ကို အရွက်တွေ ခြွေနေတာပါ။ အရွက်ခြွေမှ အညွန့်ပိုထွက်ပြီး ပွင့်အားကောင်းမည်လေ။ ခြေသံကြား၍ …

"အမေ ပြန် လာပြီလား"

"အမေ မဟုတ်ဘူး ကိုကို"

"အို... ဘာလာလုပ်"

"ရှူး... သူများ တွေ ကြားကုန်မယ်"

သူမက လေသံလေးဖြင့်...

"ဘာလာလုပ်တာလဲ သွားပါ၊ အမေပြန်လာရင် ဆူလိမ့်မယ်"

သူ မကြားချင်ယောင်ဆောင်ပြီး သူမနားထိုင်ချလိုက်သည် ။

"သွားလေ"

"ဘယ်သူ့ကို သွားခိုင်းနေတာလဲ"

"ကိုကို့ကို"

"အား... ချစ်စရာလေး ပြန်ခေါ်ပါဦး ကိုကိုလို့ "

"ခေါ်ခိုင်းသလို ခေါ်တယ်လေ သွားတော့၊ အမေ ဆူလိမ့်မယ်၊ အမေ က ယောကျ်ားလေး တွေနဲ့ စကားပြောတာ မကြိုက်ဘူး"

"ကိုကိုက ယောကျ်ား မဟုတ်ဘူး "

"အင်"

"အခြောက်"

"ဟုတ်ဘဲနဲ့ "

"မယုံဘူးလား"

"ဟင့်အင်း"

"ဘာလို့ မယုံတာလဲ"

မပြောတတ်တော့ မျက်လုံးဝိုင်းလေးနှင့် ကြည့်နေသည် ။ သနပ်ခါး

နဲ့ သင်းသင်းကလည်း နှိပ်စက်သည် ။

"ကလေးလေး သနပ်ခါးက ရှင်မတောင် အစစ်လား"

"ဟုတ်တယ်"

"မယုံပါဘူး"

"ဟုတ်ပါတယ်ဆို အစစ်ပဲ"

"မယုံဘူး နမ်းကြည့်မယ်"

"အိုး"

"ကလေးလေးရယ်"

"ဟင့်အင်း... ဖယ်ပါ... ဖယ်ပေးပါ"

နောက်တော့ အသံလေးတွေက တိတ်ဆိတ်ငြိမ်သက်လျက် ပတ်ဝန်းကျင်တစ်ခုလုံးလည်း အမှောင်ထုက ကြီးစိုးနေသည် ။

နှုတ်ခမ်းနုနုလေးရဲ့ ချိုမြိန်မှုကို တပ်မက်ခဲ့ပြီ။ ဖြူမက သူ့ရင်ခွင့်ထဲမှာ တဆတ်ဆတ်တုန် နေပြီမို့ သူ အရှိန်တန့်သွားပြီး အနမ်းမိုးကို ရပ်တန့်လိုက်ရသည် ။

"ဆောရီး... ကလေးလေးရယ်"

ဆံပင်လေးတွေ အသာသပ်ပေးလိုက်ပြီး နဖူးနှင့် ပါးနှစ်ဖက်ကို ခပ်ဖွဖွနမ်းကာ သူမ ကိုယ်လေးကို လွှတ်ပေးလိုက်သည် နှင့် ရုတ်ခနဲထကာ အိမ်ထဲဝင်ပြေးသွားတော့ သူ ခြံထဲမှ ပြန်ထွက်လာကာ အဖြစ်အပျက်တို့ကို ပြန်စဉ်းစားနေမိသည် ။ ရည်းစားတွေ ရှုပ်ခဲ့ပေမယ့် မိန်းကလေးတစ်ယောက်ကို နမ်းဖူးတာ သူ့အတွက် ပထမဆုံးအကြိမ်ပင်။ ရည်းစားရယ်လို့ ပင် မဟုတ်သည့် မိန်းကလေးတစ်ယောက်အပေါ် သူဘာဖြစ်လို့

ကိုယ် ထိလက်ရောက် ပြုမူမိပါလိမ့်ဟု စဉ်းစားနေမိသည် ။ သူမှားသွားပြီလား။ တကယ်တမ်းကျတော့ သူမက တကယ့်ကလေးသာသာ လေးပါ။ အိမ်ရောက်တော့ ကျော်စွာက...

"ဖြူခနေ မင်းဘယ်သွားနေတာလဲ"

"ရွာဦးစေတီကိုသွားတာ၊ ငါ နိုးလာတော့ မင်းကမှ မရှိဘဲ"

"ငါ ကိုပုနဲ့ လယ်ထဲကို လိုက်သွားတာ၊ မင်းကို မနှိုးချင်တာနဲ့ ထားခဲ့တာ၊ စေတီသွားတာ မိုးချုပ်လိုက်တာ၊ ညနေစောင်းတည်းက သွားတာဆို"

"အင်း... အဲဒီမှာ ထိုင်နေတာ ကြာသွားတာ"

ကျော်စွာရဲ့ သံသယမျက်လုံးတွေကြောင့် သူ မလုံမလဲဖြစ်နေသည် မို့ ကျော်စွာ့ကို ကျောခိုင်းလိုက်တော့သည် ။ ကျော်စွာက သူ့ကို စိုက်ကြည့်ပြီး...

"ဖြူခနေ ငါတို့ မနက်ဖြန် ပြန်ရအောင်"

သူ့ရင်ထဲ ဟာခနဲ ဖြစ်သွားပေမယ့် ပါးစပ်ကတော့... "မင်းသဘောလေ"

*